# 2 မော်တော်ယာဉ်ပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်း

## 2-3 မော်တော်ယာဉ်စစ်ဆေးခြင်း (ယာဉ်ကြံ့ခိုင်မှုစစ်ဆေးခြင်း)

မိမိမော်တော်ယာဉ်သည် ပြဋ္ဌာန်းထားသော ဥပဒေစံချိန်စံညွှန်းနှင့် ညီညွတ်ခြင်းရှိမရှိ အချိန်ရောက်တိုင်း ပုံမှန်စစ်ဆေးမှုပြုလုပ်ရခြင်းသည် မော်တော်ယာဉ် စစ်ဆေးခြင်း၊ တနည်းဆိုသော် ယာဉ်ကြံ့ခိုင်မှုစစ်ဆေးခြင်း ဖြစ်သည်။ ယင်းစစ်ဆေးမှုကို အောင်မြင်ပြီး ယာဉ်စစ်ဆေးသက်သေခံ (ယာဉ်ကြံ့ခိုင်မှုသက်သေခံ) ကို ရယူထားခြင်းမရှိသော ယာဉ်သည် အများပိုင်လမ်းတွင် မောင်းနှင်ခြင်းမပြုလုပ်နိုင်ပေ။ ယာဉ်ကြံ့ခိုင်မှုသက်တမ်းသည် အိမ်စီးယာဉ် ၂နှစ် (အိမ်စီးယာဉ်အသစ်မှသာ လျှင် ပထမဆုံးအကြိမ် ၃နှစ်) ဖြစ်ပြီး နှစ်နှစ်တစ်ခါ စစ်ဆေးမှုကို ခံယူရပါမည်။ စစ်ဆေးမှုပြီးဆုံးသွားလျှင် လေးထောင့်ပုံစတစ်ကာကိုရယူပြီး ယာဉ်၏ရှေ့မှန်တွင် ကပ်ထားရပါမည်။

ယာဉ်ကြံ့ခိုင်မှုစစ်ဆေးခြင်း လုပ်ထုံးလုပ်နည်းနှင့် ယာဉ်စစ်ဆေးခြင်းကို အကျိုးဆောင်နှင့်ပြုလုပ်လျှင် အခကြေးငွေ ကုန်ကျမည်ဖြစ်သော်လည်း ချောမောစွာ ပြီးဆုံးနိုင်ပါမည်။ ကိုယ်တိုင်ဆောင်ရွက်လိုပါက နီးစပ်ရာပို့ဆောင်ရေးဌာနခွဲသို့ မေးမြန်းပါ။